# 2024 အိမ်တွင်းအကြမ်းဖက်မှုမှ ရှင်ကျန်လွတ်မြောက်သူများအတွက် ယာယီ အထောက်အပံ့ (TA-DVS) ထောက်ပံ့ငွေ တိုးမြှင့်ခြင်း

## မေးလေ့ရှိသည့်မေးခွန်းများ

### မေး- TA-DVS ဆိုသည်မှာ အဘယ်နည်း။

TA-DVS ပရိုဂရမ်သည် အိမ်တွင်းအကြမ်းဖက်မှုကို ကြုံတွေ့ခံစားနေရသည့် သတ်မှတ်ချက်မီသော မိသားစုများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား နှိပ်စက်ညှဉ်းပန်းမှုမှ ထွက်ပြေးလွတ်မြောက်ရန် သို့မဟုတ် ရှောင်ဖယ်၍ လွတ်လပ်စွာ ရပ်တည်နိုင်စေရန် ယာယီ ငွေသား ထောက်ပံ့မှု ပံ့ပိုးပေးလျက်ရှိပါသည်။ သတ်မှတ်ချက်မီသူများသည် ၎င်းတို့၏ ဘေးကင်းရေး အစီအစဉ်နှင့် မူဝါဒဖြင့် ဆုံးဖြတ်သည့်အတိုင်း တစ်ဦးချင်း ဘေးကင်းရေး လိုအပ်ချက်များ ပြည့်မီနိုင်စေရန် ရက် 90 ထောက်ခံချက် ကာလတစ်ခုကြာအောင် ဒေါ်လာ 3,200 အထိ လက်ခံရရှိနိုင်ပါသည်။
ပရိုဂရမ် အသုံးပြုမှု၊ အရည်အချင်းမီမှုနှင့် အသုံးပြုနည်းဆိုင်ရာ နောက်ထပ် အချက်အလက်အတွက် TA-DVS ပရိုဂရမ် ဝဘ်ဆိုက်ကို ကြည့်ပေးပါ။

### မေး- TA-DVS ထောက်ပံ့ကြေးတွင် ဘာတွေ ပြောင်းလဲသွားပါသလဲ။

အော်ရီဂွန် လူသားဝန်ဆောင်မှုဌာန (Oregon Department of Human Services (ODHS)) သည် ထောက်ခံချက်ကာလတစ်ခုလျှင် ဒေါ်လာ 3,200 အထိ ဒေါ်လာ 1,200 မှ TA-DVS ထောက်ပံ့ကြေးပမာဏကို တိုးမြှင့်ရန် 2024 ဥပဒေပြုလွှတ်တော် အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုကို လက်ခံရရှိခဲ့ပါသည်။

**မေး- ဤအပြောင်းအလဲက ရှင်ကျန်လွတ်မြောက်သူများကို ဘယ်လို အကျိုးပြုပါသလဲ။**

ဤသည်မှာ ပရိုဂရမ်ကို လွှန်ခဲ့သော 26 ကျော်တွင် စတင်ချိန်မှစပြီး ပထမဆုံးအကြိမ် တိုးမြှင့်မှု ဖြစ်ပါသည်။ ဤလိုအပ်သော အပြောင်းအလဲသည် ထောက်ပံ့ကြေး၏ တန်ဖိုးက မြင့်တက်လာနေသော အိမ်ရာစရိတ်များနှင့် အခြား ဘေးကင်းရေး လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားလျက် ရှင်ကျန်လွတ်မြောက်သူများအတွက် အထောက်အကူဖြစ်နေဆဲဖြစ်ကြောင်း သေချာစေပါသည်။

**မေး- ရှင်ကျန်လွတ်မြောက်သူများသည် တိုးမြှင့်လိုက်သည့် ထောက်ပံ့ကြေးပမာဏကို ဘယ်လို အသုံးချနိုင်ပါသလဲ။**

တိုးမြှင့်လိုက်သည့် ထောက်ပံ့ကြေး ပမာဏသည် 2024 ခုနှစ်၊ ဩဂုတ်လ 11 ရက်မှစတင်၍ အသက်ဝင်ခဲ့သည်ဖြစ်၍ ၎င်းကို ယခု အသုံးပြုနိုင်ပါသည်။

**မေး- ဤအပြောင်းအလဲက အမြဲတမ်းအတွက် ဖြစ်ပါသလား။**

ဤတိုးမြှင့်နှုန်းက အမြဲတမ်းအတွက်တော့ မဟုတ်ပါ။ ကိုယ်တိုင်ဖူလုံရေး ပရိုဂရမ်များသည် ဤနှစ်နှစ်တာကာလအတွင်း ရှင်ကျန်လွတ်မြောက်သူများအတွက် ၎င်းက ဆောင်ရွက်ပေးသည့် ခြားနားချက်ကို ခြေရာခံပါမည်။ တိုးမြှင့်နှုန်းတွင် ရင်းနှီးမြှုပ်နှံမှုသည် အလွန်အရေးကြီးသော ရှေ့သို့ခြေလှမ်းတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့ စုဆောင်းသည့် အချက်အလက်များသည် အမြဲတမ်းအတွက် တိုးမြှင့်ပေးနိုင်ရန် ကျွန်ုပ်တို့ ကြိုးစားနေသည့်အားလျော်စွာ အကူအညီပေးပါမည်။

**မေး- 2024 ခုနှစ်၊ ဩဂုတ်လ 11 ရက်တွင် သက်ဝင်နေဆဲ TA-DVS ထောက်ပံ့ကြေး ရှိသော ရှင်ကျန်လွတ်မြောက်သူအားလုံးသည် တိုးမြှင့်ပေးလိုက်သည့် ထောက်ပံ့ကြေး ပမာဏကို ရယူအသုံးပြုနိုင်မှာလား။**



Oregon Department of Human Services

2024 ခုနှစ်၊ ဩဂုတ်လ 11 ရက်တွင် သက်ဝင်နေဆဲ အမှုကိစ္စ ရှိသူများသည် ၎င်းတို့၏ ရက် 90 ထောက်ခံချက်ကာလ၏ ကျန်ရှိချိန်အတွက် တိုးမြှင့်ထားသော ထောက်ပံ့ကြေး ပမာဏကို ရယူအသုံးပြုနိုင်ပြီး ရှင်ကျန်လွတ်မြောက်သူက ဘေးကင်းသည် ဆုံးဖြတ်ထားသည့် နည်းလမ်းတစ်ခုခုဖြင့် တိုးမြှင့်နှုန်းအတွက် အသိပေးအကြောင်းကြားချက် ရရှိပါမည်။

လက်ရှိ သို့မဟုတ် အနာဂတ် အိမ်တွင်းအကြမ်းဖက်မှု ဘေးကင်းရေး စိုးရိမ်မှုရှိနေပြီး TA-DVS ကို ယခင်က လက်ခံရရှိထားပြီးဖြစ်သည့် ရှင်ကျန်လွတ်မြောက်သူများအား ပြန်လည်လျှောက်ထားရန် အမြဲတမ်း တိုက်တွန်းအားပေးပါသည်။

## မေး- ထောက်ပံ့ကြေး တိုးမြှင့်မှုက TA-DVS ပရိုဂရမ်အတွက် အရည်အချင်းမီနိုင်သည့်လူများ သို့မဟုတ် ရှင်ကျန်လွတ်မြောက်သူများက ပရိုဂရမ်ကို လျှောက်ထားနည်းအပေါ် သက်ရောက်မှု ရှိပါသလား။

ထောက်ပံ့ကြေး တိုးမြှင့်မှုသည် အရည်အချင်းမီမှု သတ်မှတ်ချက်တစ်စုံတစ်ရာ သို့မဟုတ် ရှင်ကျန်လွတ်မြောက်သူများက TA-DVS ကို ရယူအသုံးပြုနိုင်သည့်နည်းလမ်းကို မပြောင်းလဲစေပါ၊ ၎င်းသည် အရည်အချင်းမီသော ရှင်ကျန်လွတ်မြောက်သူများ ရနိုင်သည့် ပမာဏကိုသာ တိုးမြှင့်ပေးပါသည်။

ဖက်ဒရယ် ရန်ပုံငွေများကို အသုံးချလျက် ချို့တဲ့သော မိသားစုများအတွက် ယာယီ အထောက်အပံ့ (Temporary Assistance for Needy Families (TANF)) ငွေအလုံးအရင်းလိုက် ထောက်ပံ့ကြေးမှတစ်ဆင့် ပရိုဂရမ်ကို ဆက်လက်၍ ငွေကြေးထောက်ပံ့ပေးလျက်ရှိပါသည်။ တူညီသော လျှောက်လွှာတင်ရေး လုပ်ငန်းစဉ်နှင့် အရည်အချင်းမီရေး သတ်မှတ်ချက်များက အကျုံးဝင်နေဆဲ ဖြစ်ပါသည်။

## မေး- တစ်စုံတစ်ယောက်က TA-DVS ကို လျှောက်ထားပြီးနောက် ဘာဖြစ်မလဲ။

ရှင်ကျန်လွတ်မြောက်သူတစ်ဦးသည် TA-DVS အတွက် တောင်းဆိုချက်တစ်ခုကို တင်ပြပြီးနောက်တွင် ODHS ဝန်ထမ်းသည် ၎င်းတို့၏ ချက်ချင်းလက်ငင်း ဘေးကင်းရေးအတွက် ဖြေရှင်းပေးရန် ကမ်းလှမ်းပေးလာပါမည်။ ရှင်ကျန်လွတ်မြောက်သူက တစ်နည်းတစ်ဖုံ တောင်းဆိုထားခြင်းမရှိသရွေ့ အရည်အချင်းမီမှုကို ရုံးဖွင့်ချိန် 16 နာရီအတွင်း ဆုံးဖြတ်ပေးသွားပါမည်။

အေဂျင်စီနှင့် တုံ့ပြန်ပြောဆိုချိန်အတွင်း ရှင်ကျန်လွတ်မြောက်သူများသည် မိသားစု နည်းပြတစ်ဦးနှင့် ပူးပေါင်းဆောင်ရွက်၍ ဘေးကင်းရေး အစီအစဉ်တစ်ခုကို ရေးဆွဲရပါမည်။ ထို့ပြင် ရှင်ကျန်လွတ်မြောက်သူများသည် အကြမ်းဖက်မှုဆိုင်ရာ လျှို့ဝှက် ရှေ့နေတစ်ဦးနှင့် ချိတ်ဆက်ရနိုင်ပြီး လိုအပ်သော အခြား ရင်းမြစ်များအတွက် လွှဲပြောင်းမှုများနှင့် အကြံပြုချက်များကို လက်ခံရရှိနိုင်ပါသည်။

TA-DVS အရည်အချင်းမီသော ရှင်ကျန်လွတ်မြောက်သူများသည် ဘေးကင်းရေး အစီအစဉ်ဆွဲခြင်းနှင့် လက်ရှိ တည်ငြိမ်မှုတွင် အထောက်အပံ့အတွက် ရက် 90 ထောက်ခံချက်ကာလတစ်လျှောက်တွင် မိသားစုနည်းပြတစ်ဦးနှင့်အတူ

ဆက်လက်၍ လုပ်ကိုင်သွားရပါမည်။

## မေး- ငွေကြေးထောက်ပံ့ခြင်းကို TA-DVS ထောက်ပံ့ကြေးမှတစ်ဆင့်ရမည်မှာ သေချာပါသလား။

တောင်းဆိုထားသော လိုအပ်ချက် ပြည့်မီစေရန် အသိုင်းအဝိုင်း ရင်းမြစ်များနှင့် စရိတ်ပိုနည်းသော ရွေးချယ်မှုများကို အရင်ဆုံး အသုံးချရပါမည်။ အသိုင်းအဝိုင်း ရင်းမြစ်များ မရရှိနိုင်ပါက၊ သတ်မှတ်ချက်မီသူများအတွက် ငွေပေးချေမှု ပမာဏများသည် တစ်ဦးချင်း ဘေးကင်းရေး လိုအပ်ချက်များအပေါ် အခြေခံပြီး အရည်အချင်းမီသော ထောက်ပံ့ကြေး လက်ခံရရှိသူနှင့် မိသားစု နည်းပြတို့က

ဖန်တီးသည့် ဘေးကင်းရေး အစီအစဉ်နှင့် ကိုက်ညီရမည်။

**မေး- TA-DVS ထောက်ပံ့ကြေးအတွက် အတည်ပြုလိုက်သည်နှင့်တစ်ပြိုင်နက် ဖြစ်နိုင်ခြေရှိသော ငွေပေးချေမှု အမျိုးအစားများ၏ ဥပမာများမှာ အဘယ်နည်း။**

- ပြောင်းရွှေ့ခြင်း သို့မဟုတ် ကနဦး စရိတ်များအတွက် လိုအပ်ပါက ပထမဆုံးနှင့် နောက်ဆုံးလ၏ စပေါ်ငွေများ နှင့်/သို့မဟုတ် ဖူလုံရေး စပေါ်ငွေများကဲ့သို့ အိမ်ငှားခ သို့မဟုတ် အသုံးဝန်ဆောင်ခများအတွက် စပေါ်ငွေများ။
- နေရာရွှေ့ပြောင်းရေး ကုန်ကျစရိတ်များ
- သော့ခလောက်များ၊ ကင်မရာများ၊ သတိပေးစနစ်များ၊ စသည်ဖြင့်တို့ကဲ့သို့ လုံခြုံရေး ပစ္စည်းများ။
- အချို့သော ဖြစ်ရပ်များတွင် အဝတ်များ သို့မဟုတ် ပရိဘောဂကဲ့သို့ ကျန်ခဲ့သော သို့မဟုတ် ပျက်စီးနေသော ပစ္စည်းများကို အစားထိုးခြင်း
- စာတိုက်သေတ္တာများနှင့် အခြားအရာများ။

**မေး- ရှင်ကျန်လွတ်မြောက်သူများအနေဖြင့် ဤရင်းမြစ်ကို သတိပြုမိနိုင်စေရန်အလို့ငှာ မိတ်ဖက် အေဂျင်စီများတွင် သို့မဟုတ် ရပ်ရွာတွင်း ပုံနှိပ်ထုတ်ပြီး ပြသထားနိုင်သည့် အချက်အလက်များ ရှိပါသလား။**

ရပ်ရွာ နိုးကြားသိရှိရေးအတွက် ပြသရန် ရင်းမြစ်တစ်ခုအဖြစ် ODHS/OHA ထုတ်ပြန်ချက်များနှင့် ဖောင်ပုံစံများတွင် မြင်တွေ့နိုင်သည့် လူတိုင်း ဘေးကင်းလုံခြုံမှု ခံစားရသင့်ပါသည် (ODHS 2384) လက်ကမ်းကြော်ငြာကို ကြည့်လိုက်ပါ။

လက်ကမ်းကြော်ငြာကို အာရဗစ်၊ မြန်မာ၊ တရုတ်ရိုးရှင်း၊ တရုတ်ရိုးရာ၊ ဒါရီ (ပါရှန်း) အင်္ဂလိပ်၊ ဖာစီ၊ ပြင်သစ်၊ ဟေတီ ခရီအောင်း၊ ပတ်ရှ်တို/ပတ်ရှ်တူ၊ ရိုဟင်ဂျာ၊ ရုရှား၊ ဆိုမာလီ၊ စပိန်၊ ယူကရိန်းနှင့် ဗီယက်နမ်ဘာသာစကားတို့ဖြင့် ရရှိနိုင်ပါသည်။

လက်ကမ်းစာစောင်များကို အရောင် သို့မဟုတ် အဖြူအမည်းဖြင့် ODHS/OHA

ထုတ်ပြန်ချက်များနှင့် ဖောင်ပုံစံများ စာမျက်နှာမှ လိုအပ်သလို တိုက်ရိုက်ရယူ၍ ပရင့်ထုတ်နိုင်ပါသည်။ မေးခွန်းများ သို့မဟုတ် စိုးရိမ်မှုများ ရှိပါက TA-DVS မူဝါဒကို ဖတ်ရှုပေးပါ။

**မေး- လျှောက်ထားနေသော ရှင်ကျန်လွတ်မြောက်သူများသည် အရည်အချင်းမီရန်အလို့ငှာ အမေရိကန်ပြည်ထောင်စု နိုင်ငံသားဖြစ်ရန် သို့မဟုတ် လူမှု ဖူလုံရေးနံပါတ် ရှိရန် လိုအပ်ပါသလား။**

မလိုအပ်ပါ။ အိမ်တွင်းအကြမ်းဖက်မှု ဘေးကင်းရေး စိုးရိမ်မှု ရှိသည့်အခါ အိမ်ထောင်စုဝင်တစ်ဦးဦးနှင့်ပတ်သက်၍ TA-DVS ပရိုဂရမ်အတွက် နိုင်ငံသားဖြစ်မှု စံသတ်မှတ်ချက်နှင့် လူမှု ဖူလုံရေးနံပါတ် ရှိထားရန် သို့မဟုတ် ဖော်ပြရန် လိုအပ်ချက်ကို လျှော့ပေါ့ပေးနိုင်ပါသည်။

**မေး- ဤအကျိုးခံစားခွင့်များ လက်ခံရရှိခြင်းသည် အနာဂတ်တွင် ရှင်ကျန်လွတ်မြောက်သူများ၏ ရွှေ့ပြောင်းနေထိုင်မှု အခြေနေပြအပေါ် သက်ရောက်မှာလား။**

မဟုတ်ပါ။ TA-DVS အကျိုးခံစားခွင့်များသည် သီးခြား အကျပ်အတည်း အခြေအနေတစ်ခုကို ဖော်ထုတ်ရန် ရည်ရွယ်ပြီး ဖြစ်နေဆဲ လိုအပ်ချက်များကို ပြည့်မီစေရန် မရည်ရွယ်ပါ။ သို့ဖြစ်ပါ၍ ပရိုဂရမ်မှ ငွေပေးချေမှုများကို အများပြည်သူဆိုင်ရာ ကောက်ခံငွေအဖြစ် ထည့်မတွက်ပါ။ ဥပဒေဆိုင်ရာ အကြံဉာဏ် ရယူရန် နောက်ထပ် အချက်အလက်များနှင့် ရင်းမြစ်များအတွက် အများပြည်သူဆိုင်ရာ ငွေကောက်ခံမှုနှင့် ပတ်သက်သည့် အဖြစ်မှန်များကို သိထားပါကို ကြည့်ပါ။

သင်သည် ဤစာရွက်စာတမ်းကို အခြားဘာသာစကားများ၊ ပုံနှိပ်စာလုံးကြီး၊ မျက်မမြင်စာ သို့မဟုတ် သင်နှစ်သက်သော ပုံစံဖြင့် အခမဲ့ရယူနိုင်သည်။ TADVS.policy@odhsoha.oregon.gov ကို ဆက်သွယ်ပါ သို့မဟုတ် 503-945-5600 ကို ဖုန်းခေါ်ဆိုပါ။ ကျွန်ုပ်တို့က ထပ်ဆင့် ခေါ်ဆိုမှုအားလုံးကို လက်ခံပါသည်။